ရခိုင်ပြည်အမျိုးသားကောင်စီ

**Arakan National Council**

Head Office, Email: anc.hq1@gmail.com

## ရခိုင်ပြည်မြောက်ပိုင်းတွင် အစိုးရမှ အင်တာနက်လိုင်း ဖြတ်တောက်မှုနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၁၉ ခုနှစ်၊ ဇွန်လ (၂၅) ရက်

၂၀၁၉ ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့တွင် ရခိုင်ပြည် မြောက်ပိုင်းတခွင်၌ အင်တာနက်လိုင်းများကို အစိုးရမှ ဒေသငြိမ်းချမ်းရေးအကြောင်းပြချက်ဖြင့် ဖြတ်တောက်ထားခြင်းသည် မြန်မာ့တပ်မတော်က ကျူးလွန်နေသော စစ်ရာဇဝတ်မှု (War Crimes) နှင့် လူသားဖြစ်တည်မှုကို ခြိမ်းခြောက်သောရာဇဝတ်မှုများ (Crimes Against Humanity) ကို ဖုံးဖိရန် ကြိုးစားသည့်လုပ်ရပ်သာ ဖြစ်သည်။ ထို့ကြောင့် ဤကဲ့သို့သော အစိုးရ၏လုပ်ရပ်အပေါ် ပြင်းထန်စွာ ရှုတ်ချလိုက်သည်။

၂၁-ရာစုတွင် အင်တာနက်အသုံးပြုခွင့်မှာ အခြေခံလူ့အခွင့်အရေး၏ စံတန်ဖိုးတစ်ခုအဖြစ် တကမ္ဘာလုံးက သတ်မှတ်ကာ ဒီဂျီတယ်အခွင့်အရေး (Digital Rights) ဟုပင် တင်စားခေါ်ဝေါ် ကျင့်သုံးနေကြပြီ ဖြစ်ပါသည်။ ဤကဲ့သို့သောအချိန်ကာလမျိုးတွင် ဒေသငြိမ်းချမ်းရေး အကြောင်းပြချက်ဖြင့် ပလက်ဝမြို့နယ်အပါအဝင် ရခိုင်ပြည် မြောက်ပိုင်းရှိ (၉) မြို့နယ်တွင် အင်တာနက်လိုင်းများ ဖြတ်တောက်လိုက်ခြင်းမှာ လူထုကို ကမ္ဘာကြီးနှင့် အဆက်အသွယ် ဖြတ်တောက်လိုက်ခြင်းအပြင် လူ့အခွင့်အရေးချိုးဖောက်မှုကို အစိုးရကိုယ်တိုင်က ကျူးလွန်လိုက်ခြင်းပင်ဖြစ်သည်။ ဤကဲ့သို့သောလုပ်ရပ်မှာ ဒေသတွင်းငြိမ်းချမ်းရေးကို အထောက်အကူ မပြုစေရုံသာမက ပိုမိုဆိုးရွားသော အထွေထွေ လူမှုဘေးဒုက္ခများကိုသာ ကျရောက်စေမည် ဖြစ်သည်။

လွန်ခဲ့သော ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၆)ရက်နေ့တွင် ဖြစ်ပွါးခဲ့သော မြောက်ဦးလူသတ်ပွဲပြီးနောက် ရခိုင်ပြည်အား ပဋိပက္ခတွင်းနက်ထဲသို့ ဆင်းသက်ရန် သတ်ကွင်းများ အသစ်အသစ်တို့ဖန်တီး၍ အကွက်ကျကျ ဆွဲချသွားသည်ကို တွေ့မြင်နေရပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ထဲထဲဝင်ဝင်နှင့် တက်ကြွစွာ ပါဝင်နေသော ရခိုင် Stakeholders များအားလုံးကို ဖြစ်စဉ်ထဲမှ ချောင်ပိတ်ရိုက်ခြင်း၊ ထောင့်သို့တွန်းပို့ခြင်း၊ ဖယ်ကြဉ်ခြင်းများကို တန်းတူရည်တူ ဂုဏ်သိက္ခာရှိမှု အခြေခံဘောင်ကို ချိုးဖောက်ကျူးလွန်လျှက် စနစ်တကျ ခွဲခြားဆက်ဆံရေး (Systematic Discrimination) ကို ပြောင်ကျကျ ကျင့်သုံးခဲ့သည်၊ ကျင့်သုံးလျှက်ရှိသည်။ အကျိုးဆက်အနေဖြင့် လက်ရှိတွင် ULA/AA နှင့် အစိုးရ တပ်မတော်တို့အကြား ထိပ်တိုက်ရင်ဆိုင် တိုက်ပွဲများဖြစ်ပွါးရသည့်အခြေအနေသို့တိုင် တွန်းပို့ထားသည်။

ဦးသိန်းစိန်စစ်တပိုင်းအစိုးရလက်ထက်မှစ၍ ဒေါ်အောင်ဆန်းစုကြည်ဒီမိုကရေစီတပိုင်းအစိုးရလက်ထက်ထိတိုင် နောက်ကြောင်းမပြန်ကြေးဟု ကြွေးကြော်ကာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို စတင်လာခဲ့သော်လည်း အပြောနှင့်အလုပ် လက်တွေ့တွင် တခြားစီ ဖြစ်နေပြီး၊ ရခိုင်ပြည်မြောက်ပိုင်းတခွင်တွင် အကန့်အသတ်မရှိ အင်တာနက်လိုင်းများ ဖြတ်တောက်ကာ သတင်းအမှောင်ချထားမှုက နောက်ကြောင်းပြန်သွားနေသည့် လက္ခဏာရပ်ပင်ဖြစ်ကြောင်း သက်သေထူနေပါသည်။

ဤသို့လုပ်ရပ်များကို အစိုးရအနေဖြင့် အချိန်မီ မတားဆီးဘဲ အနိဋ္ဌာရုံများအပေါ် အချိန်မီ ကုစားမှု မပြုလုပ်ပါက ရခိုင်ပြည်မှ အပြစ်မဲ့ပြည်သူလူထုအပေါ် ကျူးလွန်ထားသော ကျူးလွန်လျှက်ရှိသော ကျူးလွန်လာဦးမည်ဖြစ်သော စစ်ရာဇဝတ်မှုများ၊ လူသားဖြစ်တည်မှုကို ခြိမ်းခြောက်သောရာဇဝတ်မှုများမှာ ၁၇၈၄ ခုနှစ် (၁၈)ရာစုက ဖြစ်ပွါးခဲ့သော ရခိုင်-ဗမာ ပဒေသရာဇ်စစ်ပွဲများ၏အနိဋ္ဌာရုံနှင့် အတိတ်ဖြစ်ရပ်ဆိုးမျိုးများကို ၂၁-ရာစု ယဉ်ကျေးသော ဒီဂျီတယ်လူ့ဘောင် ခေတ်တွင် တဖန်ပြန်လည် ထင်ဟပ်လာစေလိမ့်မည်ဖြစ်ကြောင်း သတိပေးထုတ်ပြန်လိုက်သည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ရခိုင်ပြည်အမျိုးသားကောင်စီ (ANC)